(၆၂) နှစ်မြောက်

# တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်ခြင်း အထိမ်းအမှတ်

အထူးထုတ်အချပ်ပို
တရုတ်နိုင်ငံသံရုံး (ရန်ကုန်) မှ ထုတ်ဝေသည်။
အောက်တိုဘာ - ၂၀၁၁

## သံအမတ်ကြီး၏ သဝဏ်လွှာ

# စတင်မှုအသစ်နှင့် ဗျူဟာကျမိတ်ဖက်သစ်

**၂၀၁၁ ခုနှစ်၊** အောက်တိုဘာလ ၁ ရက်နေ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်တည်ထောင်ခဲ့သည့် ၆၂ နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ သန်းပေါင်း ၁,၃၀၀ သော တရုတ်ပြည်သူအများ၏ ယုံကြည်မှုနှင့် ဂုဏ်ယူမှုတို့ကို ဖော်ဆောင်သော ထူးခြားသည့် အခါသမယလည်း ဖြစ်ပေသည်။

၁၉၇၈ ခုနှစ်တွင် တံခါးဖွင့်ပေါ်လစီနှင့် ပြုပြင်ပြောင်းလဲရေးများကို စတင်ကျင့်သုံးလိုက်ချိန်မှစ၍ တရုတ်နိုင်ငံကြီးတွင် မကြုံစဖူးထူးကဲသော အောင်မြင်မှုများကို ရရှိခဲ့ပါသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်၌ လုံ့လဝီရိယထက်သန်လှသော တရုတ်ပြည်သူတို့သည် နိုင်ငံကို ပြန်လည်ရှင်သန်စေပြီး နိုင်ငံသားတို့၏ လူနေမှုအဆင့်ကို မြှင့်တင်ကာ ကြွယ်ဝချမ်းသာသောနိုင်ငံတစ်ခုဖြစ်လာအောင် စတင်ကြိုးပမ်းခဲ့ကြပါသည်။

ယနေ့ တရုတ်နိုင်ငံ၏ စုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၈ ထရီလျံရှိရာ ၁၉၇၈ ခုနှစ်ကထက် ၁၆ ဆကျော်ပင်ဖြစ်သည်။ ပြည်ပသွင်းကုန်ထုတ်ကုန် စုစုပေါင်းတန်ဖိုးမှာလည်း ၁၉၇၈ တွင် ကန်ဒေါ်လာ ၂၀ ဒသမ ၆ သန်းသာရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာ ၂ ဒသမ ၉၇၄ ထရီလျံ ရှိလာသည်။ ၂၀၀၉ ခုနှစ်ကုန်ပိုင်းအထိ နိုင်ငံပေါင်း ၁၆၁ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်း ၃၀ ကျော်သို့ တရုတ်ပြည်က ပေးခဲ့သောဖွံ့ဖြိုးရေးအကူအညီမှာ အာအမ်ဘီ ၂၆၅. ၃ ဘီလီလျံ ရှိသည်။ ကမ္ဘာ့စီးပွားရေးတည်ငြိမ်စွာဖွံ့ဖြိုးရေး၊ ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်ရေးတို့တွင် တရုတ်နိုင်ငံက အဖိုးထိုက်သော လုပ်ဆောင်မှုများနှင့် ဝိုင်းဝန်းကူညီခဲ့သည်။

တရုတ်နိုင်ငံ အောင်မြင်မှုများ၏ အဓိကအချက်မှာ တရုတ်နိုင်ငံသည် မိမိနိုင်ငံ၏အခြေအနေ၊ ခေတ်ကာလအချိန်အခါအရ ရှေ့ရှုနေသော လားရာတို့နှင့် ကိုက်ညီသည့် ဖွံ့ဖြိုးရေးလမ်းကြောင်းကို ရွေးချယ်လိုက်နာကျင့်သုံးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ တရုတ်နိုင်ငံ၏ တံခါးဖွင့်မူဝါဒ၊ ဆိုရှယ်လစ်ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်၊ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ အသွင်ပြောင်းလဲရေး၊ သို့မဟုတ် ဒီမိုကရေစီနည်းလမ်းကျ တရားရေးစံနစ်ဖြစ်ထွန်းလာရေး လုပ်ငန်းစဉ်တို့ကို လေ့လာကြည့်လျှင် တရုတ်နိုင်ငံသည် လက်ရှိပုံစံများကို ပုံတူကူးချခြင်းမပြုဘဲ အခြားနိုင်ငံများမှ သင်ခန်းစာယူပြီး တရုတ်နိုင်ငံ၏အခြေအနေ တရုတ်လူမျိုးတို့၏ ဝိသေသလက္ခဏာတို့နှင့် ကိုက်ညီမည့် ငြိမ်းချမ်းစွာဖွံ့ဖြိုးရေးကိုယ်ပိုင်လမ်းကြောင်းကို တီထွင်ကြံဆလိုက်နာလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ဤလမ်းကြောင်းအတိုင်း လုပ်ဆောင်ခဲ့ရာတွင် နိုင်ငံသားတို့၏ ဘဝတိုးတက်ရန်နှင့် လူသားတစ်ရပ်လုံး တိုးတက်လာစေရေးအတွက် တီထွင်ကြံဆခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ကြိုးပမ်းလုပ်ဆောင်ရင်း အခြားနိုင်ငံအားလုံးနှင့် သာတူညီမျှအပြန်အလှန် အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ရေရှည်ချစ်ကြည်ရင်းနှီးမှုကို တိုးပွားစေခဲ့ပါသည်။

အသစ်ထုတ်ဝေဖြန့်ချိလိုက်သော 'တရုတ်နိုင်ငံ၏ ငြိမ်းချမ်းသောဖွံ့ဖြိုးတိုးတက်မှု'ဟု အမည်ပေးထားသော စက္ကူဖြူစာတမ်းတွင် တရုတ်နိုင်ငံသည် ခိုင်မာသောငြိမ်းချမ်းရေးနှင့် အတူတကွပေါ်ကြွယ်ဝပြီး သဟဇာတဖြစ်သော ကမ္ဘာကြီးကို တည်ဆောက်ရာတွင် အခြားနိုင်ငံများနှင့်လက်တွဲ၍ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးရေးလမ်းစဉ်ကို မယိမ်းမယိုင် လိုက်နာလုပ်ဆောင်ပါမည်ဟု သန္နိဋ္ဌာန်ချထားပါသည်။

၁၂ ကြိမ်မြောက်ဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းအရ လာမည့် ငါးနှစ်တွင် တရုတ်နိုင်ငံသည် သိပ္ပံပညာတိုးတက်



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ
သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ**

ရေးကို အာရုံစူးစိုက်ပြီး ဖွံ့ဖြိုးရေးပုံစံကို အရှိန်အဟုန်ဖြင့် ပြောင်းလဲကာ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကို လုပ်ဆောင်မည်။ စီးပွားရေးကို တည်တည်ငြိမ်ငြိမ်နှင့် အသင့်အတင့် လျှင်မြန်စွာ ဖွံ့ဖြိုးစေမည်။ ပြည်သူတို့၏ဘဝကို တိုးတက်စေမည်။ ပြုပြင်ပြောင်းလဲမှုကို နက်ရှိုင်းစေပြီး လူမှုရေးဝန်ဆောင်မှုကို မြှင့်တင်မည်။ နိုင်ငံအားလုံး သာတူညီမျှ တိုးတက်စေရန်နှင့် အပြည်ပြည်ဆိုင်ရာ ကူးလူးဆက်ဆံမှုများကို တိုးချဲ့ရန်အတွက် ပြင်ပကမ္ဘာနှင့် တံခါးဖွင့်ကာ တိုးချဲ့ဆက်ဆံပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံသည် ဘဝသစ်တစ်ခုကို စတင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။ မကြာသေးမီ ကာလက သမ္မတကြီး ဦးသိန်းစိန်က စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များမှ ကိုယ်စားလှယ်များကို မိန့်ခွန်းပြောကြားရာတွင် "ယခုအချိန်မှာ စိန်ခေါ်မှုတွေနဲ့ အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။ လိုအပ်တာက ဒီစိန်ခေါ်မှုတွေကို ကျွန်တော်တို့ ကောင်းစွာကိုင်တွယ်ဖြေရှင်းနိုင်ဖို့နဲ့ ရရှိလာတဲ့ အခွင့်အရေးတွေကို ဖမ်းဆုပ်နိုင်ဖို့ပါပဲ"ဟု ညွှန်ပြခဲ့သည်။ တစ်နိုင်ငံလုံးမှ စုပေါင်းကြိုးပမ်းမှုပြုလျှင် အစိုးရနှင့် ပြည်သူများသည် ပိုမိုကြီးမားသော နိုင်ငံရေးဒီမိုကရေစီ ရရှိရန်၊ စီးပွားရေးပိုမိုခေတ်မီဖွံ့ဖြိုးရန်၊ လူနေမှုအဆင့်မြင့်မားရန်၊ နိုင်ငံတကာအဆက်အသွယ် ပိုမိုကျယ်ပြန့်ရန် ကြိုးပမ်းနေပြီဖြစ်သည်။ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားနိုင်မည်ဟု ယုံကြည်စေနိုင်မည့် အကြောင်းရင်းများ မြင်တွေ့နေရပြီဟု ၎င်းက ပြောကြားသည်။

တရုတ်နှင့် မြန်မာနိုင်ငံသည် ရင်းနှီးကျွမ်းဝင်သော အိမ်နီးချင်းများဖြစ်သည့်အပြင် တစ်ခုတည်းသော တောင်တန်းများ၊ မြစ်ချောင်းများကိုလည်း မျှဝေခံစားရသော နိုင်ငံနှစ်ခု ဖြစ်သည်။ ထို့ပြင် နှစ်ဖက်ပြည်သူများကလည်း ပေါက်ဖော် (ရင်းနှီးကျွမ်းဝင်သောမိတ်ဆွေ)ကဲ့သို့သော ဆက်ဆံရေးရှိသည့် နိုင်ငံများ ဖြစ်ကြသည်။ ဤနှစ်နိုင်ငံသည် ဆယ်စုနှစ် ခြောက်ခုကျော် သံတမန်ဆက်ဆံရေး စတင်ခဲ့ကတည်းက အပြန်အလှန်ထောက်ပံ့မှု၊ နားလည်မှုများ ရှိခဲ့သော နှစ်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံက "One-China policy" ကို အမြဲကျင့်သုံးခဲ့ပြီး တရုတ်နိုင်ငံ၏ အကျိုးစီးပွားကိုလည်း ခိုင်မာစွာ အထောက်အကူပြုခဲ့သည်။ တရုတ်နိုင်ငံကလည်း အပြန်အလှန်အနေဖြင့် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ရေးအတွက် ခိုင်မြဲစွာထောက်ခံခဲ့သည်။ ထိုကဲ့သို့ နယ်ပယ်အမျိုးမျိုးတွင် ပုံမှန်အပြန်အလှန်ဖလှယ်မှုများ၏ ရလဒ်အနေဖြင့် နိုင်ငံရေးအပြန်အလှန် ယုံကြည်မှုများ ပိုမိုတိုးပွားလာခဲ့သည်။ စီးပွားရေးနှင့် ကုန်သွယ်ရေးကျယ်ပြန့် လာခဲ့သည်။ ပြည်သူအချင်းချင်း ဆက်ဆံရေးခိုင်မာလာခဲ့သည်။ ယဉ်ကျေးမှုနှင့် ဘာသာရေး အလည်အပတ်ခရီးများ မြှင့်တင်လာခဲ့ကြသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။

ယခုနှစ်အတွင်း မြန်မာနိုင်ငံ၌ အစိုးရသစ် ဖွဲ့လိုက်သောကြောင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် အခွင့်အလမ်းများ ဖွင့်ပေးလိုက်ခြင်းပင် ဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်နိုင်ငံသို့ မေလကုန်ပိုင်းတွင် သွားရောက်လည်ပတ်ခဲ့သည်။တရုတ်နိုင်ငံ သမ္မတ ဟူကျင်ထောင်နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံခေါင်းဆောင်တို့က ဘက်စုံမဟာဗျူဟာကျသည့်အဆင့်သို့ ဆက်ဆံရေးကို မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အောက်ပါအတိုင်းသရုပ်ဖော်လာမည်ဖြစ်သည်။

ပထမအနေဖြင့် အခြေခံကျယ်ပြန့်သောအနာဂတ်ကို ဦးတည်ရေးဖြစ်သည်။ ကမ္ဘာတစ်ဝန်း globalization အရှိန်အဟုန်မြင့်လာသည်နှင့်အမျှ နိုင်ငံများသည် ပို၍တစ်ဦးပေါ်တစ်ဦး အမှီသဟဲပြုလာကြရသည်။ တည်ငြိမ်သည့် အိမ်နီးချင်းကောင်းပီသသည့် ဆက်ဆံရေးကို မကြာခဏ အပြန်အလှန်ဖလှယ်ခြင်းဖြင့် နှစ်ဖက်အကျိုးကို ဖြစ်စေပြီး အနာဂတ် တူညီသည့် ကိစ္စရပ်များအတွက် ပြင်ပစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်လာမှာ ဖြစ်သည်။

ဒုတိယအနေဖြင့် ကျယ်ပြန့်သည့် အားပေးထောက်ခံမှုကြောင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းခြင်းကို ဖြစ်စေသည်။ တရုတ်နှင့်မြန်မာ နှစ်နိုင်ငံစလုံးသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည်။ ကျွန်တော်တို့နှစ်နိုင်ငံသည် ပန်းတိုင်များကို မျှဝေခံစားကြသည်။ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍအားသာချက်များ ရှိကြသည်။ မဟာဗျူဟာကျသည့် ပူးပေါင်းမှုသည်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံတို့၏ လုပ်ရပ်အလေ့အကျင့်များ လေ့လာနိုင်သည့် ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပြီး စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊

အချပ်ပိုစာမျက်နှာ ၂ သို့



**တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဟူကျင်ထောင်(ယာ)က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို ပေကျင်းမြို့တွင် မေလအတွင်းက ကြိုဆိုနှုတ်ဆက်နေစဉ်။** ဓာတ်ပုံ - ရှင်ဟွာ

# နှစ်နိုင်ငံပူးတွဲကြေညာချက် ကောက်နုတ်ချက်

**နှစ်နိုင်ငံ** စတင်ပူးတွဲအကောင်အထည်ဖော်ခဲ့ကြသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက် အပေါ်အခြေခံသည့် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် အပြည်ပြည်ဆိုင်ရာ အခြေအနေပြောင်းလဲမှုများနှင့် သက်ဆိုင်ရာပြည်တွင်း အခြေအနေများအပေါ် ကြံ့ကြံ့ခံ ရပ်တည်ပေးနိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများ ရရှိစေရေးအတွက် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်ကို နှစ်ဖက်မှအလေးပေးပြောဆိုခဲ့ပါသည်။

တူညီသော နိုင်ငံရေးဆန္ဒသဘောထားများအပေါ် အခြေခံ၍ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများအဖြစ် ထူထောင်သွားကြရန် နှစ်ဦးနှစ်ဖက်သဘောတူညီကြလျက် အောက်ပါအတိုင်း သဘောတူညီမှု ရရှိခဲ့ကြပါသည်-

(က) နှစ်ဖက် အဆင့်မြင့် ထိတွေ့ဆက်ဆံမှုကိုထိန်းသိမ်းရန်၊ မဟာဗျူဟာမြောက် အပြန်အလှန် ယုံကြည်မှုကို ဆက်လက်မြှင့်တင်ရန်။

(ခ) နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုပမာဏအဆင့်ကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်။

(ဂ) ပြည်သူအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးနှင့် အပြန်အလှန်လည်ပတ်ရေးကို တိုးမြှင့်သွားရန်နှင့် နှစ်ဖက်ပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရေးကို မြှင့်တင်သွားရန်။

(ဃ) နယ်စပ် စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန်၊ နယ်စပ်စီမံခန့်ခွဲရေးကိစ္စရပ်များကို အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားရန်နှင့် နယ်စပ်ဒေသများတွင် အေးချမ်းတည်ငြိမ်မှုရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားရန်။ ■

အသေးစိတ်အပြည့်အစုံသိလိုပါက
http://mm.china-embassy.org/eng/xwdt/t861106.htm

# တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းသောဖွံ့ဖြိုးမှု

**တည်ငြိမ်အေးချမ်းသော** ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ရောက်နေသော တရုတ်နိုင်ငံသည် ပြည်သူများနှင့် ကမ္ဘာ့နိုင်ငံအားလုံး ပိုမိုဖွံ့ဖြိုးချမ်းသာရေးအတွက် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းထောက်ခံလျက်ရှိသည်။

တရုတ်နိုင်ငံသည် သိပ္ပံနည်းကျသော၊ လွတ်လပ်သော၊ ပွင့်လင်းမြင်သာသော၊ တည်ငြိမ်အေးချမ်းသော၊ အတူတကွ ပူးပေါင်းဆောင်ရွက်သော၊ အများအကျိုးတူ ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်သော လမ်းကြောင်းတစ်ခုဖြစ်သည့် ငြိမ်းချမ်းသော ဖွံ့ဖြိုးမှုလမ်းကြောင်းအတိုင်း မဖိတ်မသုန် လျှောက်လှမ်းသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အမိနိုင်ငံသားများ၏ဘဝ ပိုမိုကောင်းမွန်ရန် အထူးကြိုးပမ်းဆောင်ရွက်မည့်အပြင် တရုတ်ပြည်သူလူထု၏ ကြိုးစားအလုပ်လုပ်မှု၊ တီထွင်ဆန်းသစ်မှု၊ ပြန်လည်ပြုပြင်တည်ဆောက်မှုများကို အခြေခံ၍ လူမှုဘဝ ဆက်လက်တိုးတက်အောင် အားသွန်ကြိုးပမ်းဆောင်ရွက်သွားမည်။ အခြားနိုင်ငံများနှင့်လည်း ရေရှည်သဟဇာတဖြစ်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများကို

အချပ်ပိုစာမျက်နှာ ၂ သို့


# အပြန်အလှန်ယုံကြည်မှုနှင့် အပြန်အလှန် ထောက်ခံအားပေးမှု

**၂၀၁၁ ခုနှစ်တွင်** တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား အိမ်နီးချင်းကောင်းပီသသည့် ဆက်ဆံရေးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူငါးချက်အပေါ် အခြေခံ၍ ဆက်လက်ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။

မြန်မာအစိုးရသစ် တက်လာပြီးနောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် (CPPCC) ဥက္ကဋ္ဌ မစ္စတာ Jia Qinglin ဧပြီလ အစောပိုင်းတွင် မြန်မာနိုင်ငံသို့ တရားဝင်အလည်အပတ် လာရောက်ခဲ့ပါသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ သမ္မတကြီး ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ်၊ မေလ ၂၆ မှ ၂၈ ရက်နေ့အထိ တရုတ်နိုင်ငံသို့ တရားဝင် လည်ပတ်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သမ္မတ ဟူဂျင်ထောင်၊ ဝန်ကြီးချုပ်ဝမ်ကျားပေါင် အပါအဝင် အခြားတရုတ် ခေါင်းဆောင်ကြီးများနှင့် အသီးသီးတွေ့ဆုံ၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးပြောဆိုခဲ့ကြသည်။ သမ္မတကြီး၏ ခရီးစဉ်အတွင်း တရုတ်-မြန်မာ ဆက်ဆံရေးတွင် ကဏ္ဍသစ်ဖွင့်လှစ်မည့် တရုတ်-မြန်မာ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်ရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြသည်။ မေလနှင့် ဇွန်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး Xu Caihou နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင် မစ္စတာ Li Yuan chao တို့သည် မြန်မာနိုင်ငံသို့ အသီးသီး လာရောက်လည်ပတ်ခဲ့ကြရာ နှစ်နိုင်ငံအကြား သက်ဆိုင်ရာနယ်ပယ်တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမှာ အဆင့်သစ်သို့ မြှင့်တင်နိုင်ခဲ့ပါသည်။

ယခုနှစ် ဒီဇင်ဘာလထဲတွင် စတုတ္ထအကြိမ်မြောက် မဟာမဲခေါင် GMS ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက နေပြည်တော်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသည်။ ဤသို့ မြန်မာက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကို တရုတ်အစိုးရက အထူးအရေးထားပြီး ထောက်ခံသည်။ ဤအစည်းအဝေးတွင် တရုတ်ခေါင်းဆောင်များ ပါဝင်လာခြင်းကြောင့် တရုတ်နှင့် မြန်မာသာမက အခြား GMS နိုင်ငံများ အနေဖြင့် လက်ရှိ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပိုမို နက်ရှိုင်းလာမည်ဖြစ်သည်။

တရုတ်–မြန်မာဆက်ဆံရေးများကိုသိလိုပါက အောက်ပါဝက်ဘ်ဆိုဒ်တွင်ကြည့်ပါရန်
http://mm.china-embassy.org



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ Jia Qinglin နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးတင်အောင်မြင့်ဦးတို့ကို ဆေးရုံတစ်ရုံဆောက်လုပ်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် တွေ့ရစဉ်။** ဓာတ်ပုံ - ရှင်ဟွာ



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး Xu Caihou က မြန်မာစစ်သားတစ်ဦးကို နှုတ်ဆက်နေပုံ။** ဓာတ်ပုံ - ရှင်ဟွာ

## စတင်မှုအသစ်နှင့် ဗျူဟာကျမိတ်ဖက်သစ် . . .

အချုပ်ပိုစာမျက်နှာ ၁ မှ

သိပ္ပံနှင့်နည်းပညာနှင့် ကျန်းမာရေး ကဏ္ဍများ၌ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ပေါ်လာစေသည်။

တတိယအချက်မှာ ပြည်သူ့အကျိုးကို ဦးတည်သောနိုင်ငံသားချင်း ဆက်သွယ်မှုများ ပိုမိုခိုင်မာရေး ဖြစ်သည်။ ဆွေမျိုးပေါက်ဖော်အသွင် ဆက်ဆံခဲ့သော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရာတွင် လုပ်ငန်းနှင့် နိုင်ငံသားအဖွဲ့အစည်းအကြား ဆက်သွယ်မှုကွင်းဆက်များ ပိုမိုတောင့်တင်းခိုင်မာမှုသည် မရှိမဖြစ် လိုအပ်သည်။ ယခုနှစ် ပထမနှစ်ဝက်တွင် တရုတ်အစိုးရက မြန်မာ လျှော်ဒဏ်ကျရောက်သည့် ဒေသများအတွင်း စာသင်ကျောင်းများအတွက် ပညာရေးဆိုင်ရာပစ္စည်းများ ထောက်ပံ့ခဲ့သည့်အပြင် ဆေးအဖွဲ့တစ်ဖွဲ့ကိုပါ စေလွှတ်နိုင်ခဲ့၍ မျက်စေ့အတွင်း တိမ်စွဲကပ်သူပေါင်း ၃၀၀ ကျော်တို့ အလင်းရရှိခဲ့ကြသည်။ ယခုနှစ် ဒုတိယနှစ်ဝက်တွင်လည်း တရုတ်နိုင်ငံရှိ ဗုဒ္ဓစွယ်တော်မြတ်ကို မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်မြောက် ပင့်ဆောင်ပူဇော်ကြပေဦးမည်။ ထို့ပြင် တရုတ်နိုင်ငံမှ မစွမ်းမသန်သူများ၏ အနုပညာအဖွဲ့တစ်ဖွဲ့ကလည်း မြန်မာနိုင်ငံသားများအား လာရောက်၍ ထူးထူးခြားခြား ဖျော်ဖြေမည်ဖြစ်သည်။

စတုတ္ထအချက်မှာ မိမိတို့ဒေသတွင်းရေးရာနှင့် နိုင်ငံတကာရေးရာကိစ္စများကို ပိုမိုနီးကပ်စွာ ပူးပေါင်းဖြေရှင်းရေးပင် ဖြစ်ပါသည်။ ယခုနှစ်သည် တရုတ်-အာဆီယံပူးပေါင်းဆောင်ရွက်မှုအနှစ် ၂၀ ပြည့်သည့်နှစ်ပင်ဖြစ်သည်။ ကုန်လွန်ခဲ့သော နှစ် ၂၀ ကာလအတွင်း၌ အာဆီယံအသင်း၏ စည်းမျဉ်းဘောင်နှင့်အညီ အကျိုးအမြတ်ဖြစ်ထွန်းနေသော ပူးပေါင်းဆောင်ရွက်မှုအများအပြား ပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံလည်း အရေးပါသော အသင်းဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် စတုတ္ထအကြိမ်မြောက် GMS ထိပ်သီးအစည်းအဝေးကို ယခုနှစ်ကုန်ပိုင်းတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိခြင်း စသည့်ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စများတွင် ပိုမိုပါဝင်ဆောင်ရွက်လာရသောကြောင့် မြန်မာနှင့် တရုတ် နှစ်နိုင်ငံစလုံးအနေဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းပြီး တည်ငြိမ်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို အတူတကွ ဖန်တီးရန် ပိုမိုကြီးမားသော အခွင့်အလမ်းများ ရှိနေပါသည်။

'အမြင်များ တော့ ယဉ်ပါးတယ်' ဟူသော မြန်မာ့ ဆိုရိုးစကားကဲ့သို့ပင် အောက်တိုဘာလသည် ပေကျင်းမြို့တော်နှင့် တရုတ်နိုင်ငံဒေသအများအပြားသို့ သွားရောက်လည်ပတ်ရန် အကောင်းဆုံး အချိန်ကာလဖြစ်၍ ကျွန်ုပ်၏မြန်မာညီအစ်ကို မောင်နှမများအား တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ပြီး တရုတ်ပြည်သူတွေရဲ့ ဧည့်ဝတ်ပျူငှာရက်ရောစွာ ဧည့်ခံမှုနှင့် ပတ်သက်၍ ကိုယ်တွေ့ခံစားနိုင်ရန် ကျွန်ုပ်က ခင်မင်ရင်းနှီးစွာ ဖိတ်ကြားပါသည်။

**ကိုကို ဘာသာပြန်သည်။** ■



**တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရိုအဖွဲ့ဝင် Li Yuanchao က တရုတ်ခွဲစိတ်ဆရာဝန်ကြီးများ ကုသပေးသော မျက်စိဝေဒနာရှင်တစ်ဦးကို နှုတ်ဆက်နေပုံ။** ဓာတ်ပုံ - ရှင်ဟွာ

### ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း တစ်ဟုန်ထိုး တိုးတက်မှုအသစ်

| | | |
|---|---|---|
| Sustainable Development | GDP | 7% ↑ per year |
| | Urbanization rate | 4% ↑ |
| | Disposable income of urban residents | 7% ↑ per year |
| Better Education | High school enrollment rate | 87% |
| | Financial education expenditures | Up to 4 % (in 2012) |
| Greener Economy | Forest coverage | Up to 21.66% |
| | Energy consumption per unit of GDP | 16% ↓ |
| | $CO_2$ emissions per unit of GDP | 17% ↓ |
| Healthier Life | Life expectancy | Up to 74.5 |
| | Basic medical insurance rate | 3% ↑ |

### ၁၉၇၈ မှ ၂၀၁၀ ခုနှစ်အတွင်း တရုတ်နိုင်ငံတိုးတက်ပြောင်းလဲမှုကြီးများ

| Index | 1978 | 2010 | Unit |
|---|---|---|---|
| GDP | 0.27 | 5.88 | Trillion USD |
| Import and Export | 20.6 | 2974 | Billion USD |
| Foreign Exchange Reserves | 0.17 | 2847 | Billion USD |
| Urbanization Rate | 17.9% | 49.7% | |
| Colleges Enrollment | 0.27 (1977) | 6.57 | Million |
| Grain Production | 305 | 546 | Million Ton |
| Railway Mileage | 52000 | 91000 | KM |
| ODA | | 256.3 (Until 2009.12.31) | Billion RMB |

## တရုတ်နိုင်ငံ၏တည်ငြိမ်အေးချမ်းသောဖွံ့ဖြိုးမှု . .

အချုပ်ပိုစာမျက်နှာ ၁ မှ

လည်း တိုးချဲ့ဆောင်ရွက်သွားမည်။

တရုတ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူငါးချက်နှင့်အညီ အခြားနိုင်ငံများနှင့် ဆက်လက်တိုးချဲ့ မိတ်ဖွဲ့၍ ဆက်ဆံသွားမည်။

တရုတ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံရေးမူဝါဒကို ဆက်လက်စောင့်ထိန်းသွားမည်။ အိမ်နီးချင်းနိုင်ငံများကို လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောပိုက်လျက် အခြားသောအာရှနိုင်ငံများနှင့်လည်း မိတ်ဆွေအဖြစ် ဆက်လက်ပူးတွဲဆောင်ရွက်သွားမည်။

တရုတ်နိုင်ငံသည် မိမိကိုယ်ပိုင် ခြေနှစ်ချောင်းပေါ် ရပ်တည် ရေးဟူသော 'အာရှစိတ်ဓာတ်'ဖြင့် အစဉ်တစိုက်ဆောင်ရွက်သွားမည်။ တရုတ်နိုင်ငံသည် အာရှနိုင်ငံများအတွက် အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် လည်းကောင်း၊ သဟဇာတဖြစ်သည့် လုပ်ဖော် ကိုင်ဖက်နိုင်ငံအဖြစ် လည်းကောင်း ရပ်တည်သွားမည်ဖြစ်သည်။

**အောင်သာလင်း ဘာသာပြန်သည်။** ■

အသေးစိတ်အပြည့်အစုံသိလိုပါက
http://mm.china-embassy.org/eng/gdxw/t85003.htm



တရုတ်ယဉ်ကျေးမှုအဖွဲ့၏ ဖျော်ဖြေမှုကို MRTV-4 က လွှင့်ထုတ်နေစဉ်။



ငလျင်ဘေးသင့်ဒေသသို့ တရုတ်ကြက်ခြေနီအသင်းကိုယ်စား သံအမတ်ကြီး လီကျင်းဝှာက လှူဒါန်းနေစဉ်။



အသစ်ဖွဲ့စည်းထားသော တရုတ်–မြန်မာချစ်ကြည်ရေးအသင်းက လွန်ခဲ့သော ဩဂုတ်လတွင် ညှော်ခံပွဲကျင်းပစဉ်။

# ပေါက်ဖော် ချစ်ကြည်ရေး

**တရုတ်နဲ့** မြန်မာနိုင်ငံတို့ဟာ တောတောင်ရေမြေများ ဆက်စပ်ရှိနေကြတဲ့ ခင်မင်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံတွေ ဖြစ်ကြတယ်။ ရှေးပဝေသဏီအခါထဲက တရုတ်နှင့် မြန်မာလူမျိုးတို့ဟာ ခင်ခင်မင်မင်နဲ့ ဆက်ဆံခဲ့ကြတယ်။ ဒီလို ခင်မင်တဲ့ဆက်ဆံရေးကို 'Paukphaw Friendship' (မွေးချင်းများခင်မင်မှု)လို့ တင်စားပြီး ခေါ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂,၀၀၀ ခန့်လောက်ကတည်းက ဟန်မင်းဆက် (ဘီစီ ၂၀၆-အေဒီ ၂၂၀)မှာ ခင်မင်ရင်းနှီးမှုတွေကို မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။ ထိုအချိန်က မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံသို့ သံတမန်တွေ အကြိမ်ပေါင်းများစွာ စေလွှတ်ခဲ့ပါတယ်။ တန်မင်းဆက် (အေဒီ ၆၁၈-အေဒီ ၉၀၇) အထိ အပြန်အလှန်ဆက်ဆံမှုတွေဟာ ရင်းရင်းနှီးနှီး ရှိခဲ့ကြတယ်။ သမိုင်းမှတ်တမ်းတွေအရဆိုလျှင် ထိုအချိန်က ပျူနိုင်ငံက မြန်မာမင်းသားဟာ တရုတ်နိုင်ငံကို အနုပညာရှင် ၃၅ ယောက်ကို ဦးဆောင်ခါ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တယ်။

ထိုအချိန်က နာမည်ကျော် တရုတ်ကဗျာဆရာတွေဖြစ်ကြတဲ့ ဘိုင်ဂျူရီနဲ့ ယွမ်ဇင်တို့ဟာ ပျူတေးဂီတနဲ့ ပတ်သက်တဲ့ ကဗျာတွေရေးစပ်ခါ အလွန်ကောင်းတဲ့ပွဲတွေကို ချီးမွမ်းထောမနာပြုခဲ့ကြတယ်။

၁၉၄၉ ခုနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့ပြီးတဲ့အခါမှာ နှစ်နိုင်ငံစလုံးက အပြန်အလှန်ဆက်ဆံမှု အစဉ်အလာကို ထိန်းသိမ်းခဲ့ကြတယ်။ ၁၉၆၀ ပြည့်နှစ်နဲ့ ၁၉၆၁ ခုနှစ်တို့မှာ နှစ်နိုင်ငံဝန်ကြီးချုပ်တို့ဟာ အဖွဲ့ဝင် ၄၃၇ ဦးနဲ့ အဖွဲ့ဝင် ၃၅၀ ဦးတို့ ပါဝင်တဲ့အဖွဲ့တွေနဲ့ အသီးသီး အပြန်အလှန် သွားရောက်လည်ပတ်ခြင်းတို့ဟာ တရုတ်-မြန်မာ သမိုင်းတွင် ထင်ပေါ်ကျော်ကြားခဲ့တယ်။ တရုတ်-မြန်မာပေါက်ဖော်ချစ်ကြည်ရေးကို ပီပြင်အောင် ကဗျာရေးစပ်ပြီး သရုပ်ဖော်ခဲ့သူတစ်ဦးမှာ တရုတ်နိုင်ငံက မာရှယ်ချင်ယီဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်ဟာ ကဗျာတစ်ဒါဇင်ကျော်တို့ကို ရေးစပ်သီကုံးခဲ့တယ်။ မြစ်ရဲ့အထက်မှာ ကျွန်တော် နေထိုင်ရာအရပ် မြစ်ရဲ့အောက်ဘက်မှာ သင်တို့နေကြတယ်။ တစ်ဦးပေါ်တစ်ဦး မကုန်ခမ်းနိုင်တဲ့ သံယောဇဉ်ကို ထားကြတယ်။ ဒို့တစ်တွေ မြစ်တစ်ခုထဲမှ ရေကို သောက်ကြတာပါလို့ မြန်မာမိတ်ဆွေတွေအပေါ် တရုတ်စစ်ဘက်အကြီးအကဲ မာရှယ်ချင်ယီက ကဗျာစပ်ခဲ့တယ်။

ရာစုသစ်ထဲကို ဝင်ရောက်လာတဲ့အခါမှာ ဒီနှစ်နိုင်ငံမှ နိုင်ငံခေါင်းဆောင်တွေရဲ့ အပြန်အလှန်ဆက်ဆံမှုတွေဟာ ပိုမိုခိုင်မာလာခဲ့ပါတယ်။

**၂၀၁၁ ခုနှစ်မှာ အဓိကကျတဲ့ အပြန်အလှန်ဆက်သွယ်မှုများ**

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်က တရုတ်သံရုံးဟာ စာအုပ်ပေါင်း ၈,၀၀၀ ကျော်ကိုမြန်မာနိုင်ငံ ကျေးလက်စာတိုက်များထံသို့ လှူဒါန်းခဲ့တယ်။

၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် တရုတ်ကြက်ခြေနီအသင်းက မြန်မာကြက်ခြေနီအသင်းထံသို့ အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ပေးအပ်လှူဒါန်းခဲ့တယ်။ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း ငလျင်ဒဏ်ခံခဲ့ရတဲ့အတွက် ရည်မှန်းပေးကမ်းခဲ့တာ ဖြစ်တယ်။။

မေလ ၂၈ ရက်မှ ဇွန်လ ၉ ရက်အထိ တရုတ်နိုင်ငံမှ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနဲ့ USDP ရန်ကုန်ဌာနချုပ်တို့ အတူလက်တွဲခါ 'Guang Ming Xing' (တောက်ပတဲ့လုပ်ရပ်) ပဏာမခြေလှမ်းကို စတင်ခဲ့ကြတယ်။ ဆေးဘက်ဆိုင်ရာခွဲစိတ်ကုသမှုတွေကြောင့် မျက်စိတိမ်ရောဂါဝေဒနာရှင် မြန်မာ ၁၄၈ ဦးတို့ကို မျက်စိအလင်းပြန်လည် ရရှိခဲ့ကြတယ်။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်က တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ဖန်ဇိုကု ဦးဆောင်တဲ့ ချစ်ကြည်ရေးအဖွဲ့ မြန်မာနိုင်ငံကို လာရောက်ခဲ့ကြတယ်။ အဲဒီညမှာပဲ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက ဆီဒိုးနားဟိုတယ်မှာ ညှော်ခံပွဲကျင်းပခဲ့ရာမှာ စီးပွားရေးလုပ်ငန်း၊ မီဒီယာအစရှိတဲ့ ပုဂ္ဂိုလ် ၂၀၀ ကျော်တို့ တက်ရောက်ခဲ့ကြတယ်။

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်က All-China Federation of Returned Oversea Chinese က စေလွှတ်လိုက်တဲ့ အနုပညာသည်အဖွဲ့ဟာ အမျိုးသား ကဇာတ်ရုံမှာ ဖျော်ဖြေခဲ့ပါတယ်။ မြန်မာပရိတ်သတ် ၁,၅၀၀ ကျော် ဖျော်ဖြေမှုကို ကြည့်ရှုခဲ့တယ်။ ■



တရုတ်နိုင်ငံမှ လှူဒါန်းသော ကွန်ပျူတာများဖြင့် ရန်ကုန် အမှတ်(၁)အထက ကျောင်းမှ ကျောင်းသူများ အင်တာနက်အသုံးပြုနေစဉ်။



မြန်မာငလျင်ဘေးသင့်ဒေသသို့ ဥက္ကဋ္ဌJia က အထူးလေယာဉ်ဖြင့် ဆေးဝါးများ လာရောက်လှူဒါန်းစဉ်။



တရုတ်ကုမ္ပဏီက မုန်တိုင်းဒဏ်သင့် ကျောက်ဖြူဒေသအတွက် လာရောက်လှူဒါန်းစဉ်။



တရုတ်ဆရာဝန်များက မကြာသေးခင်က ပြုလုပ်သည့် Brightness Action ခရီးစဉ်တွင် လူနာများကို မျက်စိအစမဲ့ ခွဲစိတ်ကုသပေးနေစဉ်။



မြန်မာ–တရုတ်နယ်စပ်ကုန်စည်ပြပွဲတွင် မြန်မာရုပ်သေးရုပ်များကို ပြသထားစဉ်။



တရုတ်–မြန်မာနယ်စပ်ရှိ ရေတွင်းတစ်တွင်းကို တွေ့ရစဉ်။

# နှစ်ဦးနှစ်ဝ သာယာဝပြောရေးအတွက် လက်တွဲလုပ်ဆောင်မှုများ

**တရုတ်–မြန်မာ** အပြန်အလှန်ကုန်သွယ်မှုသည် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုအား ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် တည်ထောင်ခဲ့သည်မှအစပြု၍ သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

တရုတ်-မြန်မာ ကုန်သွယ်ရေး သမိုင်းမြင့်မားသည်နှင့်အမျှ တရုတ်နိုင်ငံသည် မြန်မာ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။ မြန်မာအစိုးရက ထုတ်ပြန်သော တရားဝင် စာရင်းဇယားအချက်အလက်များအရ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ၂၀၁၀-၁၁ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၅,၂၇၆ မီလျံထိ မြင့်မားခဲ့ပြီး ယင်းမှာ ယခင်နှစ်ကထက် ၈၆ ဒသမ ၁၆ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် လူကြိုက်များသော ကျောက်စိမ်းနှင့် ငါးပုစွန်ကဲ့သို့သော ရေထွက်ပစ္စည်းများ တင်ပို့ရမှုကြောင့် တရုတ်နှင့်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၉၂၁ သန်း ကုန်သွယ်ရေးပိုလျှံငွေကို ရရှိခဲ့သည်။

တရုတ်နိုင်ငံမှ မြန်မာပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုသည်လည်း ယခုအချိန်တိုင် မြင့်မားလာလျက်ရှိသည်။ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၁၅. ၉၁၆ ဘီလျံဒေါ်လာရှိပြီး ၎င်းသည် နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံမှုအစုစု၏ ၄၄ ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်သည်။ တရုတ်ကုမ္ပဏီကြီးများသည် မြန်မာနိုင်ငံတွင်းသို့ အဆင့်မြင့်နည်းပညာများနှင့် စက်ပစ္စည်းကိရိယာများ ယူဆောင်လာခြင်းအားဖြင့် မြန်မာ့ဖွံ့ဖြိုးမှုတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ တရုတ်ကုမ္ပဏီများ၏ အဓိကကျသော စီမံချက်များဖြစ်သည့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်ရေးစက်ရုံ၊ တိုင်ယာစက်ရုံနှင့် ရက်ကန်းစက်ရုံများကဲ့သို့သော စက်မှုလုပ်ငန်းများက အဆင့်မီ ထုတ်ကုန်ပစ္စည်းများအား ထုတ်လုပ်ပေးနေပြီဖြစ်သည်။ ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံ ကဲ့သို့သော ရေအားလျှပ်စစ်စက်ရုံများသည် လျှပ်စစ်စွမ်းအား ထုတ်လုပ်မှုများ စတင်နေပြီဖြစ်ပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်မှုများကို ဖြည့်ဆည်းပေးနေပြီဖြစ်သည်။ ဧရာဝတီမြစ်အား ဖြတ်ကျော်သည့်မြစ်ကူးတံတားများက ကူးသန်းသွားလာမှုအား ပိုမိုလွယ်ကူချောမွေ့စေသည့်ပြင် ပြည်တွင်းစီးပွားရေး တိုးတက်မှုအား ပိုမိုလွယ်ကူချောမွေ့စေပေသည်။

တရုတ်အစိုးရသည် မြန်မာနိုင်ငံ၏ စီးပွားရေးအား ကူညီထောက်ပံ့မှုများ ကို ၁၉၆၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တိုင် စီမံကိန်းပေါင်း ၁၀၀ နီးပါး အကောင်အထည်ဖော်ပြီးနှင့် အကောင်အထည်ဖော်ဆဲဖြစ်ပြီး ၎င်းတို့အား တရုတ်နိုင်ငံမှ ကူညီထောက်ပံ့ငွေများ၊ အတိုးမဲ့ ချေးငွေများနှင့် အတိုးအလွန်နည်းပါးသော ချေးငွေများဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့တွင် အရေးပါသော သုဝဏ္ဏ အမှတ်(၁) အမျိုးသားအားကစားရုံ၊ အမျိုးသားကဇာတ်ရုံ၊ ရန်ကုန်သံလျင်မြစ်ကူးတံတား၊ မြန်မာနိုင်ငံတကာကွန်ဗင်းရှင်းစင်တာတို့အပြင် မိတ္ထီလာချည်မျှင်နှင့် အထည်စက်ရုံ၊ ရွှေတောင်ချည်မျှင်နှင့် အထည်စက်ရုံ၊ မော်လမြိုင်အပူစွမ်းအင်စက်ရုံ၊ ကျောက်ဆည်လယ်ယာသုံး စက်ကိရိယာစက်ရုံနှင့် အမှတ်(၄)နှင့်(၅) ဓာတ်မြေဩဇာစက်ရုံတို့ကဲ့သို့သော ပြည်သူ့အကျိုးပြုအဆောက်အအုံများ ပါဝင်ပေသည်။

တရုတ်နိုင်ငံမှ ကူညီထောက်ပံ့မှုများသည် မြန်မာနိုင်ငံသားများ၏ လူနေမှုအဆင့်ကို မြှင့်တင်ပေးသည့်ပြင် စီးပွားရေးဖွံ့ဖြိုးမှုကို တွန်းအားပေး မြှင့်တင်ခြင်းပြုပေသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ခြင်းခံရပြီးနောက်တွင် တရုတ်နိုင်ငံသည် ငွေသားအပါအဝင်ဖြစ်သော ကုန်ပစ္စည်းများအား တရုတ်ရင်မင်ဘီငွေ ၁၀၇ ဘီလျံဖိုးရှိသော အရေးပေါ် လူသားချင်းစာနာမှု အကူအညီပေးရေး ယန္တရားကြီးအား ချက်ချင်းလည်ပတ်စေခြင်းအားဖြင့် ကူညီမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ်နှောင်းပိုင်းတွင် မြန်မာနိုင်ငံမြောက်ပိုင်းတွင် ငလျင်လှုပ်မှု ဖြစ်ပွားခဲ့ပြီးနောက်တွင်လည်း တရုတ်နိုင်ငံသည် နောက်ထပ်တစ်ဖန် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ ကို ငွေသားအသွင်ဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ တန် ဆေးဝါးများဖြင့် လည်းကောင်း အရေးပေါ် လူသားချင်း စာနာမှု အကူအညီများ ပေးကမ်းခဲ့သည်။ ပြီးခဲ့သော ငါးနှစ်တာကာလအတွင်းက လူသားအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အပြန်အလှန် အဆက်မပြတ် အားဖြည့်လုပ်ဆောင်ခဲ့သည်။ မြန်မာဝန်ထမ်းနှင့် စက်မှုပညာရှင်ပေါင်း ၁,၀၀၀ ကျော်အား လုပ်ငန်းကဏ္ဍပေါင်း ၂၀ ကျော်တွင် ပါဝင်သောလုပ်ငန်းများနှင့် ဆက်စပ်မှုရှိသော သင်တန်းများ တက်ရောက်နိုင်ရန် ကူညီခဲ့သည်။ ■

**အသေးစိတ်အပြည့်အစုံသိလိုပါက**
http://mm.mofcom.gov.cn/


ကျောက်ဖြူမြို့အနီးတွင် စီအင်န်ပီစီက ပင်လယ်ပြင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်။


စီအင်န်ပီစီ၏ ရေကာတာ။


စီအင်န်ဆိုင်စီအိုက လှူဒါန်းသော ဆေးရုံတစ်ရုံကိုတွေ့ရစဉ်။



တကောင်းတောင် အလယ်တန်းကျောင်းအတွက် ထိုင်ခုံနှင့် ကုလားထိုင်များကို စီအင်န်ဆိုင်စီအိုက လှူဒါန်းနေစဉ်။


သင်္ကြန်ကာလအတွင်း မြန်မာနှင့် တရုတ်နိုင်ငံသားများ အတူရေကစားနေစဉ်။


တရုတ်–အာဆီယံပြပွဲတွင် မြန်မာပြခန်းတစ်ခန်းကို တွေ့ရစဉ်။


တရုတ်ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပညာသင်စရိတ်ထောက်ပံ့နေစဉ်။


ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းအတွက် ရေတွင်းတူးရန် လှူဒါန်းနေစဉ်။


ကျေးရွာသားများအတွက်လည်း ငွေများလှူဒါန်းစဉ်။


အဘွားအိုတစ်ဦးအား လိုအပ်သည့်ပစ္စည်းများ ကူညီပံ့ပိုးနေစဉ်။


ဒေသခံများအတွက် ဝန်ချီစက်မောင်းသင်တန်း ပို့ချနေစဉ်။


စီပီအိုင်ကုမ္ပဏီက လှူဒါန်းသော ဘုန်းတော်ကြီးကျောင်းကို တွေ့ရစဉ်။


စီပီအိုင်က လှူဒါန်းသော ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။


စီပီအိုင်က လှူဒါန်းသော ခရစ်ယာန်ဘုရားကျောင်းကို တွေ့ရစဉ်။


ယခင်ဘုန်းတော်ကြီးကျောင်းအဟောင်းကို တွေ့ရစဉ်။


မြစ်ကြီးနားမြို့နယ်၊ တန်ဖဲ ကျေးလက်ကျန်းမာရေးဌာနကို တွေ့ရစဉ်။


ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းအဟောင်းကို တွေ့ရစဉ်။


စီပီအိုင်ကုမ္ပဏီက လှူဒါန်းသော အထက်တန်းကျောင်းကို တွေ့ရစဉ်။


ယနေ့အောင်မြင်သာကျေးရွာကို တွေ့ရစဉ်။


စီပီအိုင်က လှူဒါန်းသော ဘေလီတံတားကို တွေ့ရစဉ်။

# လူမှုရေးတာဝန်ဝတ္တရားများ ဖြည့်ဆည်းဆောင်ရွက်ပေးနေ

**တရုတ်နိုင်ငံမှ** ကုမ္ပဏီများသည် နှစ်ဦးနှစ်ဝ အကျိုးရှိမှုနှင့် နှစ်ဦးနှစ်ဝ ဖွံ့ဖြိုးတိုးတက်မှု ခံယူချက်ကို စွဲမြဲ လုပ်ကိုင်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ယုံကြည်စိတ်ချရသော လုပ်ဖော်ကိုင်ဖက်များဖြစ်လာစေရန် ရည်သန်၍ ယင်းကုမ္ပဏီများသည် ဌာနေပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့၏ လူမှုရေးတာဝန်ဝတ္တရားများကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိကြပေသည်။

အောက်တွင် ၎င်းတို့၏ လုပ်ဆောင်ချက် အချို့ကို ဥပမာအဖြစ် ဖော်ပြလိုက်ပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ ခေါင်းဆောင်များရှေ့မှောက်တွင် မြန်မာပြည်တွင်းရှိ ဆေးရုံများတည်ဆောက်ခြင်းနှင့် အဆင့်မြင့်ပြုပြင်ခြင်းများ လုပ်ဆောင်ပေးမှုအတွက် ထောက်ပံ့ကူညီရန် ‘ရည်မှန်းချက်စာချွန်တော်’ တစ်စောင်ကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်အမျိုးသားရေနံလုပ်ငန်းကော်ပိုရေးရှင်း (စီအင်န်ပီစီ)တို့အကြား ရေးထိုးခဲ့ကြသည်။ မြန်မာနိုင်ငံတွင်းရှိ ဆေးရုံများအား အဆင့်တိုးမြှင့်ပြုပြင်ပေးရန်နှင့် ဆေးရုံသစ်များ ဆောက်လုပ်လှူဒါန်းရန် အဆိုပါကုမ္ပဏီက အမေရိကန်ဒေါ်လာ ခြောက်မီလျံရင်းနှီးမြှုပ်နှံမှု ပြုမည်ဖြစ်သည်။

မဒဲကျွန်းထက်တွင် ‘မြန်မာ-တရုတ် ရေနံစိမ်း စီးဆင်းရေးပိုက်လိုင်းစီမံကိန်း’ တွင် အသုံးပြုရန် ရေသိုလှောင်ကန်ကြီး တစ်ခုကို တည်ဆောက်ပြီးဖြစ်၍ ၎င်းရေသိုလှောင်ကန်တွင် ကျွန်းပေါ်ရှိ ပြည်သူများအတွက် ရေချိုတစ်နှစ်လျှင် ၂၂၀,၀၀၀ တန် ထားရှိပေးမည်ဖြစ်သည်။ အဆိုပါ ရေလှောင်ကန်အနီး တစ်ဝိုက်ရှိ ကျေးရွာများသည် ပိုက်လိုင်းမှ အသင့်ဖွင့်၍ အသုံးပြုနိုင်သော ပိုက်ရေများ ရရှိကြမည်ဖြစ်ပြီး ကုမ္ပဏီမှ အခမဲ့သွယ်တန်းပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်းရှိ တရုတ်ကုမ္ပဏီများသည် ဌာနေပြည်သူများအား အစဉ်အမြဲညီရင်းအစ်ကိုများကဲ့သို့ ဆက်ဆံခဲ့ကြသည်။ ၎င်းတို့သည် ဌာနေကုမ္ပဏီဝန်ထမ်းများအား ကူညီသည့်အပြင် ပညာသင်ကြားရန် အခက်အခဲရှိသော ဌာနေကလေးသူငယ်များအတွက် ငွေကြေးထောက်ပံ့မှုများ ပြုလျက်ရှိသည်။

တရုတ်ကုမ္ပဏီများသည် ပြန်လည်နေရာချထားရေး စီမံချက်များကို များစွာ အလေးဂရုပြုကြပြီး ရွှေ့ပြောင်းခံရသော မိသားစုများ၏ လိုလားမှုများ အလေးဂရုပြုကြပြီး ၎င်းတို့ လူနေမှုအဆင့်ကို မြှင့်တင်ပေးရန် သေချာရေရာအောင် ဆောင်ရွက်မှုများပြုကြသည်။ တရုတ်စွမ်းအားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ (စီပီအိုင်) သည် မြစ်ဖျားရှိ ‘ဧရာဝတီ မြစ်ဝှမ်းဆိုင်ရာ စီမံချက်’တွင် အမေရိကန်ဒေါ်လာ စုစုပေါင်း ၂၅ သန်း ကို သုံးစွဲခဲ့ပြီး ၎င်းငွေများ အနက် ၁၈ ဒသမ ၅၅ သန်း ကို မြစ်ဆုံပြန်လည် နေရာချထားရေးကွင်းကြီးအတွက် သုံးစွဲမည်ဖြစ်သည်။ ယင်းကဲ့သို့ သုံးစွဲမှုသည် ပြန်လည်နေရာချခံရသူတစ်ဦး အတွက် အမေရိကန်ဒေါ်လာ ၈,၆၄၄ အထိ ရှိမည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ရသူများ၏ လူနေမှုအဆင့်သည် သိသာစွာ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

**“ငွေရမ်းအသုံးပြုရမည့် ဌာနေဝန်ထမ်းမှာ ဝန်ထမ်းအားလုံး၏ ၇၀ ရာခိုင်နှုန်းရှိ”**

**သဘာဝပတ်ဝန်းကျင်အား ကာကွယ်ထိန်းသိမ်းမှု**

တရုတ်ကုမ္ပဏီများသည် မြန်မာဂေဟစနစ် မယိုမယွင်းရှိရန် အစဉ် ဂရုပြုကြပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုအား ၎င်းတို့ လုပ်ဆောင်မှုများတွင် ဦးစားပေးအဖြစ် ထားရှိကြသည်။ မြန်မာအစိုးရ၏ မေတ္တာရပ်ခံချက်နှင့် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ သတ်မှတ်ချက်များနှင့် အညီဖြစ်စေရန် စီပီအိုင်ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု NGO အဖွဲ့ ဖြစ်သော BANCA နှင့် ချန်ကျန်းမြေတိုင်းထွာရေး စီမံကိန်းရေးဆွဲရေးနှင့် ဒီဇိုင်းထုတ်လုပ်ရေး သုတေသနအင်စတီကျူတို့အား သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများအား တိုင်းထွာခန့်မှန်းရန် ယုံကြည်အပ်နှံထားခြင်းဖြစ်သည်။ ယင်းခန့်မှန်း တိုင်းထားမှု လုပ်ငန်းကြီးတွင် တရုတ် သိပ္ပံအကယ်ဒမီနှင့် ရန်ကုန်တက္ကသိုလ် တို့ကဲ့သို့သော သိပ္ပံအဖွဲ့အစည်းများမှ ကျွမ်းကျင်သူရာပေါင်းများစွာ လက်တွဲပါဝင်၍ ဆောင်ရွက်ခဲ့ကြသည်။

သဘာဝပတ်ဝန်းကျင်အား ပိုက်လိုင်းကြီးသွယ်တန်း တည်ဆောက်နေဆဲကာလတွင် ညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်းမှ ကာကွယ်ရန် မြန်မာ-တရုတ် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းတည် ဆောက်ရေးစီမံကိန်းကုမ္ပဏီသည် ‘သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ကြီး’အား ငှားရမ်းတာဝန်ပေးခဲ့သည်။ ရေနံ သင်္ဘောတင်ရေး ဆိပ်ခံ ဆောက်လုပ်ရာတွင်လည်း ဆောက်လုပ်ရေးအဖွဲ့များက ကျောက်နှင့် မြေသားများရယူရန် ကုမ္ပဏီက ပိုင်ဆိုင်ခွင့်ရထားသော နယ်နိမိတ်၏ ပြင်ပရှိတောင်များကို မိုင်းဖြင့် ဖောက်ခွဲခြင်းများ မပြုလုပ်ရန်နှင့် ROU ဒေသဝန်းကျင်တွင် ပင်လယ်နှင့် စိုက်ခင်းများ ပျက်စီးခြင်းမှ ကာကွယ်ရန် သစ်ပင်များ ခုတ်လှဲခြင်းနှင့် စိုက်ပျိုးထားသော အခင်းများပေါ် နင်းကျော်ဖြတ်သန်းသွားခြင်း မပြုရန် တားမြစ်ထားပေသည်။ ထို့ထက်ပို၍လည်း သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး သတင်းဖြန့်ချိမှုများကိုလည်း တိုးတက်လုပ်ဆောင်လျက်ရှိပြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်နည်းကိုင်နည်းများကိုလည်း တစ်သမတ်တည်းဖြစ်ရန် ဆောင်ရွက်လျက်ရှိသည်။ ရေလွှန်မင်းစွာ ကင်းမဲ့နေသည့် အခြေအနေတွင် ရေနံတင်ဆိပ်ခံ ဆောက်လုပ်ရေး စီမံကိန်းအဖွဲ့ဝင်များသည် ဆောက်လုပ်ရေးကွင်း၏ ၉,၇၀၀ စတုရန်းပေ မြေလွတ်ပေါ်တွင် အပင်များ စိုက်ပျိုးစေခဲ့ရာ ၎င်းက မြေသားဆုံးရှုံးမှုကို ကာကွယ်မှုပြုခဲ့သည်။

တကောင်းတောင် နီကယ်သတ္တုတွင်းသည် တကောင်းတောင်တွင်ရှိ၍ ဧရာဝတီမြစ်ကမ်းပါးနှင့် ကပ်လျက်တည်ရှိသည်။ လုပ်ငန်းလုပ်ကိုင်လျက်ရှိသော တရုတ်ကုမ္ပဏီသည် အခိုးအငွေ့များ ညစ်ညမ်းမှုများ အနည်းဆုံးသို့ ကျဆင်းစေရန် လုပ်ဆောင်မှုများအတွက် ရင်မင်ဘီတရုတ်ငွေ သန်း ၂၄၀ ကိုသုံး၍ လုပ်ဆောင်ခဲ့သည်။

**အလုပ်အကိုင်ဖန်တီးရေး အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေမှု**

မြန်မာ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး လက်တွဲလုပ်ဆောင်မှုများက မြန်မာ့ပြည်တွင်းအလုပ်အကိုင်ဖန်တီးမှုကို အင်အားမြှင့်တင်ပေးပြီး ဌာနေပြည်သူဘဝကို မြှင့်တင်ပေးခဲ့သည်။ ဥပမာအားဖြင့် စီပီအိုင်ကုမ္ပဏီက နိုင်ငံတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ကြရသူများ၏ ဘဝသာယာရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးခဲ့သည်။ ဌာနေကုမ္ပဏီဝန်ထမ်း ၂,၆၀၀ ခန့်သည် နည်းပညာဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ ဝန်ဆောင်မှုဆိုင်ရာ အစရှိသော စီပီအိုင်ကုမ္ပဏီ၏ စီမံချက်လုပ်ငန်းအဝဝကို ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာ-တရုတ်ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းအတွက် ငှားရမ်းအသုံးပြုရမည့် ဌာနေဝန်ထမ်းမှာ ဝန်ထမ်းအားလုံး၏ ၇၀ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။ တရုတ်ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်နေသော မြန်မာဝန်ထမ်းများသည် အခြားကုမ္ပဏီများနှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်မားသောလစာများ ခံစားရရှိစေသည့်အပြင် သင့်တင့်လျောက်ပတ်သော သင်တန်းနှင့် ပညာပေးရေး အထောက်အကူများဖြင့် ပံ့ပိုးထားပေသည်။ အဆိုပါ ကုမ္ပဏီများသည် မြန်မာလုပ်သားများ၏ နေထိုင်လုပ်ကိုင်မှု အခြေအနေကောင်းများ ထားရှိပေးရန် ဦးစားပေး ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံအတွက်လည်း စမ်းသပ်စစ်ဆေးပြီးဖြစ်သော နည်းပညာအသိကြွယ်ဝ၍ လုပ်ဆောင်နိုင်စွမ်းမြင့်မားပြီး အရည်အသွေးမြင့်သော ဝန်ထမ်းများ ရွေးချယ်သင်ကြားပေးခဲ့ကြသည်။

တရုတ်ကုမ္ပဏီများသည် ၎င်းတို့၏ လူမှုရေးတာဝန်ဝတ္တရားများကို တက်ကြွစွာ ဖြည့်ဆည်းပေးရန် သန္နိဋ္ဌာန်ချထားဖြစ်၍ တည်ဆောက်မှုအဆင့်နှင့် လည်ပတ်ထုတ်လုပ်မှုအဆင့် နှစ်ရပ်စလုံးတွင် တိကျသော သဘာဝပတ်ဝန်းကျင်စောင့်ရှောက်ထိန်းသိမ်းရေးကို ဦးစားပေးလုပ်ဆောင်ပြီး လုပ်ငန်းအစီအစဉ်ကို မိတ်ဆွေရင်းချာ စီမံချက်အဖြစ် ဦးတည်လုပ်ဆောင်လျက်ရှိပါသည်။ ထို့ထက်ပို၍လည်း တရုတ်ကုမ္ပဏီများသည် မြန်မာလုပ်သားများအား ညီရင်းအစ်ကိုများကဲ့သို့ရင်းနှီးစွာ ဆက်ဆံသွားမည် ဖြစ်ပါသည်။


**ခင်အောင် ဘာသာပြန်သည်။** ■

အသေးစိတ်အပြည့်အစုံသိလိုပါက
http://www.uachc.com
http://www.cnpc.cpm.cn/en/
http://www.cnico.com.cn/

# တရုတ်ရုပ်ရှင်ပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့

**တရုတ်ရုပ်ရှင်ပွဲတော်** ရက်သတ္တပတ်ကို ၂၀၁၁၊ ဇွန် ၁၁ ရက်မှ ၁၇ ရက်နေ့ ထိ နေပြည်တော်နှင့်ရန်ကုန်မြို့များ၌ အောင်မြင်စွာ ကျင်းပခဲ့သည်။

တရုတ်ရုပ်ရှင်ငါးကားဖြစ်သောWalking to School, Bodyguards and Assasins, Jing Tian Dong Di, Confucius နှင့် Sky Fighters ကို မြန်မာပရိသတ်များအားပေးကြည့်ရှုခဲ့ကြသည်။ အထူးသဖြင့် ကျောင်းသို့လမ်းလျှောက်သွားရသော ကလေးငယ်နှစ်ဦးအကြောင်း ရိုက်ကူးထားသည့် Walking to Schoolမှာ ပရိသတ်ရင်ကို ရိုက်ခတ်စေခဲ့သည်။ ထို့ပြင် ပရိသတ်များ၏ တောင်းဆိုချက်အရ အဆိုပါ တရုတ်ရုပ်ရှင်ပွဲတော်ကို သုံးရက် ထပ်မံပြသခဲ့သည်။ ■





ဗုဒ္ဓစွယ်တော်မြတ်နှင့် အဆိုပါစွယ်တော်ကို အပူဇော်ခံထားရှိမည့် ပေကျင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်း။

# ဗုဒ္ဓမြတ်စွယ်တော် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်မည်

**မြန်မာအစိုးရ၏** ကမ်းလှမ်းမှုအရ တရုတ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံသို့ အောက်တိုဘာလတွင် ပို့ဆောင်မည်ဖြစ်သည်။ နှစ်နိုင်ငံအစိုးရများမှာ မြတ်စွယ်တော် ပို့ဆောင်မည့်လမ်းခရီးအား အဆင်ပြေချောမွေ့၍ လုံခြုံမှုရှိစေရန် အတူတကွ ကြိုးစားဆောင်ရွက်နေကြသည်။ အဆိုပါစွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ ၁၉၅၅၊ ၁၉၉၄၊ ၁၉၉၆ တို့တွင် ပို့ဆောင်ခဲ့ဖူးသည်။ ဗုဒ္ဓမြတ်စွယ်တော်အား ထောင်ပေါင်းများစွာသော လူအများလာရောက်ဖူးမျှော်ခဲ့ကြပြီး စွယ်တော်အထိမ်းအမှတ် ဘုရားနှစ်ဆူကိုလည်း တည်ထားခဲ့သည်။ ယခုစတုတ္ထအကြိမ် စွယ်တော်ကြွချီလာမှုကြောင့် အများပြည်သူများအတွက် ဗုဒ္ဓမြတ်စွယ်တော်အား ထပ်မံဖူးမျှော်နိုင်ခွင့်ရမည်ဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုသမိုင်းကြောင်းတွင် မမေ့နိုင်စရာအမှတ်တရတစ်ခုနှင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရေးမှာလည်း ပိုမိုခိုင်မာလာမည်ဖြစ်သည်။ ■

အသေးစိတ်အပြည့်အစုံသိလိုပါက
http://mm.china-embassy.org

# အလှတရား၏ တမန်တော်အဖွဲ့ လာရောက်မည်

**နာမည်ကြီး** တရုတ်ဘဲလေးအက အဖွဲ့တစ်ဖွဲ့ဖြစ်သော Chinese Disabled People's Performing Art Troupe အဖွဲ့သည် ၂၀၁၁၊ နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက်များတွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ရန်ပုံငွေပွဲတစ်ပွဲ ကပြဖျော်ဖြေမည်ဖြစ်သည်။ ယင်းဖျော်ဖြေပွဲမှရရှိသောငွေများအား ရန်ကုန်ရှိ မသန်မစွမ်းသူများဌာနသို့လှူဒါန်းမည် ဖြစ်သည်။

အဆိုပါ ဘဲလေးအကအဖွဲ့မှာ ထင်ရှားသည့် အကအဖွဲ့ဖြစ်ပြီး နိုင်ငံပေါင်း ၇၀ နိုင်ငံတွင်ဖျော်ဖြေခဲ့သည်။

၎င်းအဖွဲ့အား "အလှတရား၏ တမန်တော်"၊သို့မဟုတ် "ကမ္ဘာ့မသန်စွမ်းသူများအတွက် သံတမန်"ဟု ခေါ်ဆိုကြပြီး "ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)မှ ချစ်ကြည်မှုအနုပညာရှင်" အဖြစ်ခန့်အပ်ခြင်းခံရသည့် အဖွဲ့လည်းဖြစ်သည်။

ကိုယ်အင်္ဂါမသန်စွမ်းသော အနုပညာရှင်များ၏ကျော့ရှင်းသပ်ရပ်ပြီး အရောင်အသွေး စုံလင်သော ချစ်စဖွယ်ကကွက်များကို ရှုမြင်ရမည်ဖြစ်သည်။

လက်မှတ်များ ကန့်သတ်ထားပါသဖြင့် အောက်တိုဘာလဆန်းမှစ၍ စီးတီးမတ်စူပါမတ်ကက်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ ■

ဖုန်း-၀၀၉၅-၉-၇၃၀-၃၁၅၀၇



တရုတ်မသန်စွမ်းအနုပညာသည်များ၏ကကွက်တစ်ကွက်။




တရုတ်မသန်စွမ်းသူများအဖွဲ့ဥက္ကဋ္ဌ ထေလီဟွာ၏ ကကွက်ဆန်းတစ်ခု။

# တရုတ်နိုင်ငံမှာ ကျောင်းတက်ချင်ပါသလား

**တရုတ်ပြည်သူများနှင့်** နိုင်ငံတကာမှ လူထုအကြား နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေရန်၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများအကြားရှိ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကုန်သွယ်ရေး နယ်ပယ်များတွင် ပူးပေါင်းဖလှယ်မှုများ ပိုမိုကောင်းမွန်လာစေရန်အလို့ငှာ တရုတ်အစိုးရသည် နိုင်ငံတကာရှိ ကျောင်းသားများ၊ ဆရာများနှင့် ပညာရှင်များကို တရုတ်နိုင်ငံရှိ အဆင့်မြင့်တက္ကသိုလ်များတွင် လေ့လာသင်ကြားမှုများနှင့် သုတေသနများ ပြုလုပ်နိုင်ရန် ပညာသင်ဆု စီမံကိန်းများကို စီစဉ်ထားသည်။

၁။ တရုတ်အစိုးရ၏ ပညာသင်ဆု စီမံကိန်း(စီအက်စ်စီ) (ပညာသင်ဆု ပမာဏကို အစိုးရအချင်းချင်းကြားရှိ သဘောတူညီချက်ဖြင့်သတ်မှတ်သည်)

နိုင်ငံတကာရှိ ကျောင်းသားများနှင့် ပညာရှင်များကို အပြည့်အဝထောက်ပံ့ပေးသည့် ပညာသင်ဆုနှင့် တစ်စိတ်တစ်ပိုင်းပေးသည့် ပညာသင်ဆု နှစ်မျိုးစလုံး ထောက်ပံ့ပေးရန် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများ၊ အဖွဲ့အစည်းများ၊ ပညာရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများ အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှု စာချွန်လွှာ၊ သို့မဟုတ် ပညာရေးဖလှယ်မှု ပြုလုပ်ထားသည့် သဘောတူညီချက်အရ တရုတ်နိုင်ငံ ပညာရေးဝန်ကြီးဌာနက ပြုလုပ်ပေးခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းသည် တရုတ်နိုင်ငံတွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်း စီမံကိန်း၊ တရုတ်ဘာသာစကား သင်ကြားရေးစီမံကိန်း၊ အထွေထွေပညာရှင်နှင့် ဝါရင့်ပညာရှင်များ စီမံကိန်းအရ လာရောက် ပညာသင်ကြားကြမည့် ကျောင်းသားများကို ထောက်ပံ့ခြင်းဖြစ်သည်။

ပညာသင်ဆု လျှောက်ထားလိုသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာ အာဏာပိုင်များ၊ တက္ကသိုလ်များ၊ သို့မဟုတ် တရုတ်သံရုံးတို့မှ တစ်ဆင့်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၂။ တရုတ် AUN ပညာသင်ဆု စီမံကိန်း

ယင်းစီမံကိန်းသည် အပြည့်အဝ ထောက်ပံ့ပေးသည့် ပညာသင်ဆုမျိုးဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသားများ၊ ဆရာများနှင့် ပညာရှင်များကို တရုတ်နိုင်ငံတွင် ပညာသင်ကြားရေး အားပေးအားမြှောက် ပြုရန်နှင့် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများအကြား နားလည်မှုနှင့် ရင်းနှီးချစ်ကြည်မှု တိုးလာစေရန် ရည်ရွယ်ပြီး နားလည်မှု စာချွန်လွှာအရ အာဆီယံ အဖွဲ့ဝင်နိုင်ငံများကို ထောက်ပံ့ပေးခြင်းဖြစ်သည်။

လျှောက်ထားသူများသည် အာဆီယံ အတွင်းရေးမှူးရုံးသို့လျှောက်ထားရမည်။

၃။ တရုတ်အစိုးရ၏ အထူးပညာသင်ဆု အစီအစဉ်

ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် ဒီဂရီ အသားပေးသည့်အစီအစဉ် (ပညာသင်ဆု ပမာဏကို နားလည်မှု စာချွန်လွှာအရ သတ်မှတ်သည်) အပြည့်အဝ ထောက်ပံ့ပေးသည့် ပညာသင်ဆုမျိုးဖြစ်ပြီး နိုင်ငံတကာမှ ဘွဲ့လွန်ကျောင်းသားများကို အားပေးရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ သို့မဟုတ် ပြည်နယ်များရှိဒေသခံပညာရေးဌာနက သတ်မှတ်ပေးထားသည့် တရုတ်တက္ကသိုလ်များကို ထောက်ပံ့ရန် ရည်ရွယ်ပြီး နားလည်မှု စာချွန်လွှာအရစီစဉ်ပေးသည့် စီမံကိန်းဖြစ်သည်။

လျှောက်ထားလိုသူများသည် ပြည်နယ်ပညာရေးဌာန၊ သို့မဟုတ် တရုတ်အဆင့်မြင့်တက္ကသိုလ်များသို့ တိုက်ရိုက်ဆက်သွယ်ရမည် ဖြစ်သည်။

၄။ နိုင်ငံတကာကျောင်းသားများ ပညာသင်ဆုဆိုင်ရာ သီးခြားစီမံကိန်း အပြည့်အဝပေးသည့် ပညာသင်ဆုမျိုးဖြစ်ပြီး တရုတ်နိုင်ငံမှ သာမန်ဘွဲ့၊ သို့မဟုတ် မာစတာဘွဲ့ ရထားသူများ၊ တရုတ်နိုင်ငံတွင် ဆက်လက်ပညာဆည်းပူးရန် တရုတ်အဆင့်မြင့်တက္ကသိုလ်က သတ်မှတ်ပေးထားသူများနှင့် တရုတ်နိုင်ငံရှိ အဆင့်မြင့်တက္ကသိုလ်များတွင် ဘွဲ့လွန် ဆက်လက်တက်ရောက်နေဆဲဖြစ်သည့် နိုင်ငံတကာမှ ထူးချွန်သည့် ကျောင်းသားများကို ငွေကြေးထောက်ပံ့ရန် နားလည်မှု စာချွန်လွှာအရ စီစဉ်ပေးခြင်းဖြစ်သည်။

လျှောက်ထားလိုသူများသည် သက်ဆိုင်ရာ တက္ကသိုလ်များမှ တစ်ဆင့် လျှောက်ထားရမည်။

တရုတ်အစိုးရ၏ ပညာသင်ဆု စီမံကိန်းသည် အပြည့်အဝပေးသည့် ပညာသင်ဆုနှင့် တစ်စိတ်တစ်ပိုင်းပေးသည့် ပညာသင်ဆုဟူ၍ နှစ်မျိုးရှိသည်။

**သတ်မှတ်ကာလ**

လျှောက်လွှာတင်ရန် သတ်မှတ်ကာလမှာ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှဧပြီလအထိဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ အာဏာပိုင်များထံတွင် စုံစမ်းနိုင်သည်။

**လျှောက်ထားရမည့်ပုံစံ**

လျှောက်ထား လိုသူများသည် လျှောက်လွှာတွင် ဖော်ပြထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်။

အွန်လိုင်းလျှောက်လွှာ ရထားသူများသည် အချက်အလက် ဖြည့်ထားသည့် လျှောက်လွှာကို အွန်လိုင်းမှ ပြန်တင်ရမည်ဖြစ်ပြီး ယင်းပုံစံကို ပရင့်ထုတ်ပြီးလျှင် စီအက်စ်စီက တောင်းဆိုထားသည့် ထောက်ခံချက်များနှင့်တကွ သက်ဆိုင်ရာ အာဏာပိုင်များထံသို့ ပေးပို့ရမည်။

CSC Online Application System for Study in China (http://laihua.csc.edu.cn) တွင် လေ့လာနိုင်သည်။

အွန်လိုင်းမှ လျှောက်လွှာမရသူများမှာ လျှောက်လွှာပုံစံကို သက်ဆိုင်ရာ အာဏာပိုင်များထံမှ တောင်းယူဖြည့်စွက်ပြီး ထိုသက်ဆိုင်ရာ အာဏာပိုင်များထံ တင်ရမည်ဖြစ်သည်။

ကျောင်းသားများမှာ တက္ကသိုလ်များ၏ အွန်လိုင်းများကို ဝင်ရောက်ကြည့်ရှုပြီး ကျူရှင်ခများကို စုံစမ်းနိုင်သည်။

နိုင်ငံတကာ ကျောင်းသားများ ဝင်ခွင့်ပြုသည့် တရုတ်တက္ကသိုလ်များဆိုင်ရာ လမ်းညွှန်စာအုပ်တွင် အသေးစိတ်အချက်အလက်များ ကြည့်ရှုနိုင်ပြီး http://www.csc.edu.cn/laihua/ တွင်လည်းဝင်ရောက်လေ့လာနိုင်သည်။ ■

**ရှင်းလင်းချက်**

ယခု အထူးထုတ်အချပ်ပိုတွင် ဖော်ပြပါရှိသည့် ဆောင်းပါးပါ အချက်အလက်များ တိကျမှန်ကန်မှုရှိစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ထားသော်လည်း မှားယွင်းမှု တစုံတရာမှ ဖြစ်ပေါ် လာနိုင်သည့် အကျိုးဆက်များအပေါ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ တာဝန်ယူနိုင်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။



**နှင်းများဖုံးလွှမ်းနေသော မဟာတံတိုင်းကို တွေ့ရစဉ်။** ဓာတ်ပုံ - ရှင်ဟွာ

# တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်း

**တရုတ်နိုင်ငံ၏** ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေသည့် အရင်းအမြစ် သုံးမျိုးသုံးစားရှိသည်။ ၎င်းတို့မှာ သဘာဝအလှများရှိရာ နေရာများ၊ သမိုင်းဝင်နှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာများနှင့် ကျေးလက်ရိုးရာဓလေ့များတို့ ဖြစ်သည်။

**သဘာဝအလှများရှိရာနေရာများ**

တရုတ်နိုင်ငံ အရှေ့ပိုင်းမှ Taishan တောင်၊ တောင်ပိုင်းမှ Hengshan တောင်၊ အနောက်ပိုင်းမှ Huashan တောင်၊ မြောက်ပိုင်းမှ Hengshan တောင်နှင့် အလယ်ပိုင်းမှ Songshan တောင်တို့မှာ 'အထွဋ်အမြတ်တောင်ကြီး ငါးလုံး'ဟု ရှေးပဝေဏီကတည်းကဆိုကြသည့် တောင်တန်းကြီးများ ဖြစ်သည်။

Shandong ပြည်နယ် အလယ်ပိုင်းတွင် ကွေ့ကောက် တည်ရှိနေသည့် Taishan တောင်ကို ယင်းတောင်တန်းကြီးငါးခုတွင် အဓိပတိတောင်ကြီးအဖြစ် တရုတ်လူမျိုးများအလေးထားကြသည်။

တောင်ပိုင်း Anhui ပြည်နယ်ရှိ Huangshan တောင်မှာ ၎င်း၏ သာယာရှုမောဖွယ် အလှတရားတို့ဖြင့် ကျော်ကြားလှသည်။ ကျော့ရှင်း လှပသည့် ထင်းရှူးပင်များ၊ တစ်မူထူးခြား ဆန်းပြားလှသည့် ကျောက်တုံးများ၊ ကျယ်ပြောသည့် တိမ်ပင်လယ်ကြီးများနှင့် ရေပူစမ်းများမှာ အဆိုပါတောင်၏ အလှများဖြစ်သည်။

Jiuzhaigou ၊ Huangguoshu ရေတံခွန်နှင့် Guilin တို့မှာ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် တည်ရှိသည်။ မြောက်ပိုင်း စီချွမ်ပြည်နယ်ရှိ Jiuzhaigou သည် လှပသည့် "ဒဏ္ဍာရီလာတောင်ကြား" တစ်ခုဖြစ်ပြီး နှင်းဖုံးတောင်တန်းများ၊ ရေကန်များ၊ ရေတံခွန်များနှင့် သစ်တောများဖြင့် ကီလိုမီတာ ၄၀ ကျော် ဖြန့်ကြက် တည်ရှိသည်။

Guizhou ပြည်နယ်ရှိ Huangguoshu ရေတံခွန်များသည် ရေတံခွန်အစုအဝေးကြီးဖြစ်ပြီး မြေမျက်နှာပြင်အမြင့်ပိုင်းမှ စီးကျနေသည့် ရေတံခွန် ၁၈ ခုနှင့် အနိမ့်ပိုင်းတွင် စီးကျနေသည့် လေးခုရှိသည်။ အဆိုပါရေတံခွန်စုကြီးမှ ထွက်ပေါ်နေသည့် ရေစီးကျသံများကို ငါးကီလိုမီတာအကွာမှပင်ကြားရသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Guangxi Zhuang တွင် တည်ရှိသည့် Lijiang မြစ်သည် Guilin နှင့် Yangshuo ကြားတွင် တောင်ချွန်းများကိုဖြတ်ပြီး ၈၂ ကီလိုမီတာခန့် ကွေ့ပတ်စီးဆင်းလျက်ရှိသည်။

မြောက်ပိုင်း ကုန်းမြင့်ဒေသတွင် အံ့မခန်း ခမ်းနားလှသည့် ရေကန်ကြီးများရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ Xinjiang ဒေသမှ Tianshan တောင်ရှိ Tianchi (နတ်ရေကန်) ရေကန်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁,၉၈၀ မီတာတွင် တည်ရှိသည်။ ၁၀၅ မီတာ နက်သည့် ယင်းရေကန်ကြီးသည် ကြည်လဲ့နေပြီး အစိမ်းရောင်မြက်ခင်းများနှင့် ပန်းရောင်စုံတို့ ဖူးပွင့်ပေါက်ရောက်နေသည့် တောင်ကုန်းတောင် တန်းကြီးများဖြင့် ဝန်းရံထားသည်။

ယန်စီမြစ်၏ ဂျော့သုံးဂျော့ဟု ကျော်ကြားသည့် မြစ်ကြောင်းများ တစ်လျှောက်သည် မျက်စိပသာဒဖြစ်ဖွယ် နေရာများနှင့် သမိုင်းဝင်နေရာများ ဖြစ်သည်။

Qutang Gorge သည် ကျောက်ဆောင် ကျောက်ကမ်းပါး ပေါ်များပြီး ခံ့ညားထည်ဝါလှသည်။ Wuxia Gorge သည် ကျော့ရှင်းလှပပြီး နက်ရှိုင်းကာ လူသူအရောက်အပေါက်ဝေးသည့် နေရာတွင် တည်ရှိသည်။

Xiling Gorgeတွင် ငါးအုပ်များ အုံဖွဲ့ကျက်စားကြပြီး ကျောက်တန်းများလည်း ရှိသည်။ မြစ်ရေများမှာလည်း အစဉ်အမြဲ ရိုက်ခတ်မြည်ဟည်းနေသည်။

အဆိုပါမြစ်ငယ်လေး သုံးစင်းမှာ သစ်ပင်ချုံပင်များဖြင့် စိမ်းလန်းစိုပြည်ပြီး ရေမှာလည်း ကြည်လင်လွန်းလှသည့် အတွက် မြစ်ကြမ်းပြင်ကိုပင် မြင်ရသည်။

အဆိုပါနေရာတွင် Three Gorges Dam ရေကာတာကို တည်ဆောက်ထားပြီး ၎င်းသည် တရုတ်နိုင်ငံ၏ အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်သည်။

**သမိုင်းဝင်ယဉ်ကျေးမှုဆိုင်ရာ နေရာများ**

တရုတ်နိုင်ငံ၏ရှည်လျားလှသော သမိုင်းကြောင်းသည် များစွာသော ယဉ်ကျေးမှုအမွေအနှစ်များကို ချန်ထားရစ်ခဲ့ပြီး 'တရုတ်ထိပ်တန်းခရီးသွားမြို့တော်' ဟုဆိုသောအမည်မှာ မြို့တော် ၅၄ မြို့တွင် ပထမအုပ်စုထဲတွင်ပါဝင်နေသည်။ တရုတ်နိုင်ငံ၏ သင်္ကေတတစ်ခု ဖြစ်သောThe Great Wall မဟာတံတိုင်းကြီးမှာလည်း သမိုင်းဝင်နေရာများ၏ အဓိကအရေးပါသည့်ပြယုဂ်တစ်ခုဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်ဝင်စားမှုအရှိဆုံး နေရာဖြစ်ပါသည်။ ယဉ်ကျေးမှုထွန်းကားရာသမိုင်းကြောင်းထဲရှိ အကြီးဆုံးဖွဲ့စည်းတည်ဆောက်ပုံ စီမံကိန်းကြီးတစ်ခုအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၂,၀၀၀ ကျော်က နွေဦးနှင့် ဆောင်းဦးရာသီဆီကို ပြန်ရောက်သွားစေပြီး စစ်ပွဲကာလအတွင်းက ၎င်း၏ ကြီးမားသောအရွယ်အစားနှင့် ခံ့ညားထည်ဝါပုံက ကမ္ဘာ့ရင်သပ်ရှုမောစရာတစ်ခုအဖြစ် ထင်ဟပ်စေပါသည်။ ခရီးသွားဧည့်သည်များကို ပေကျင်း၊ Badaling ရှိမီးပြတိုက်များ၊ Hebei ရှိ Laolongtou၊ Gansu ပြည်နယ်ရှိ Jiayuguan တောင်ကြားလမ်း၊ ကွန်ကရစ်ကျည်ကာအဆောက်အအုံများနှင့် တောင်ကြားလမ်းများ အပါအဝင် ဂရိတ်ဝေါလ်၏ အပိုင်းဆယ်ပိုင်း ဖွင့်လှစ်ပေးထားသည်။

Gansu ပြည်နယ်ရှိ ရှေးဟောင်းပိုးလမ်းမကြီးတစ်လျှောက် လိုဏ်ဂူများမှာ တန်ဖိုးကြီးသောနံရံဆေးရေးများ၊ ပန်းပုရုပ်များဖြင့် ပြုလုပ်ထားသည်။

တရုတ်နိုင်ငံ၏မြို့တော် ၁၀၁ မြို့ရှိ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ထင်ရှားသောမြို့အများစုမှာ သက်တမ်း ၁,၀၀၀ ကျော်ရှိကြသည်။

**ရိုးရာဓလေ့များ**

တရုတ်နိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု ၅၆ မျိုးရှိရာ ၎င်းတို့၏ယဉ်ကျေးမှုနှင့် ဘဝနေထိုင်မှုပုံစံများသည် သူတို့၏ ပွဲတော်များတွင် ထင်ဟပ်ပေါ်လွင်လျက်ရှိသည်။ အကြီးဆုံးတိဘက်ပွဲတော်ကြီးဖြစ်သော ရှိုတန် (ဒိန်ချဉ်)ပွဲတော်သည် တိဘက်ဇာတ်ပွဲကြီးများအတွက် အခင်းအကျင်း ဖြစ်သည်။ ဒလိုင်းလားမား၏ နွေရာသီစံနန်းတော်တွင် နှစ်စဉ် နွေရာသီကျရောက်တိုင်း တိဘက်ဇာတ်အဖွဲ့များ ငါးရက်တိုင်တိုင် ယှဉ်ပြိုင်ကပြဖျော်ဖြေကြသောပွဲဖြစ်သည်။ အခြားနွေရာသီပွဲတော်တစ်ခုမှာ မွန်ဂိုလီးယားကုန်းမြင့်မြက်ခင်းဒေသ၌ ကျင်းပလေ့ရှိသော 'နာဒမ်ပျော်ပွဲရွှင်ပွဲ' (Nadam Fair)ဖြစ်သည်။ ထိုပွဲတော်တွင် နပန်းပွဲ၊ မြင်းစီးပြိုင်ပွဲ၊ လေးပစ်ပြိုင်ပွဲများကို လူအများအထူးစိတ်ဝင်စားကြသည်။

**ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း**

တရုတ်ပြည်တွင် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ လျင်မြန်စွာ ဖွံ့ဖြိုးလာသောကြောင့် ပြည်တွင်းပြည်ပမှ ခရီးသွားများအတွက် အဆင်ပြေလွယ်ကူလာသည်။ တရုတ်နိုင်ငံတစ်လွှား ဟိုတယ်နှင့် စားသောက်ဆိုင်များ အများအပြားတည်ဆောက်လာခြင်း၊ ရှိပြီးဟိုတယ်များကို တိုးချဲ့ခြင်း၊ အသစ်မွမ်းမံခြင်းများ ပြုလုပ်ခဲ့သဖြင့် ယခုအခါ ကြယ်ပွင့်အဆင့်သတ်မှတ်ခံ ဟိုတယ်စုစုပေါင်း ၉,၇၅၁ လုံး ရှိနေပြီဖြစ်သည်။ ■

**ကိုကို ဘာသာပြန်သည်။**

http://en.cnta.gov.cn/ တွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

# တရုတ်-အာဆီယံဆက်ဆံရေး

**အာဆီယံ–တရုတ်** ဆွေးနွေးပွဲများက ၁၉၉၁ ခုနှစ်တွင် အစပြုသည်။ ထိုနှစ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး Qian Qichen က မလေးရှားအစိုးရ၏ ဧည့်သည်တော်အဖြစ်(၂၄)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး ဖွင့်ပွဲသို့ တက်ရောက်သည်။

၁၉၉၆ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပသော (၂၉)ကြိမ်မြောက် အာဆီယံ ဝန်ကြီးအဆင့် အစည်းအဝေးတွင် တရုတ်နိုင်ငံက အပြည့်အဝ ဆွေးနွေးဖက်အဆင့်သို့ ရောက်ရှိသည်။ ဒေသတွင်း ပြည်သူများအတွက် လက်တွေ့ရလဒ်များ ဖော်ဆောင်နိုင်သော စိုက်ပျိုးရေး၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ မဲခေါင်ချိုင့်ဝှမ်း ဖွံ့ဖြိုးရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ သယ်ပို့၊ ယဉ်ကျေးမှု၊ ပြည်သူ့ကျန်းမာရေး၊ ခရီးသွားလုပ်ငန်းနှင့် ပတ်ဝန်းကျင်ကဲ့သို့ အထူးဦးစားပေးကိစ္စရပ်များတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်း အာဆီယံနှင့် တရုတ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အာဆီယံ-တရုတ် ထိပ်သီးဆွေးနွေးပွဲ၊ အာဆီယံ-တရုတ်ဝန်ကြီးအဆင့် အစည်းအဝေး၊ အာဆီယံ-တရုတ် အထက်တန်းအရာရှိ ဆွေးနွေးပွဲနှင့် အခြားနှစ်ဦးနှစ်ဖက်ဒေသတွင်းနှင့် ကမ္ဘာ့အရေးဆိုင်ရာ အကျိုးစီးပွားနှင့် တာဝန်ရှိမှုဆိုင်ရာ ဆွေးနွေးပွဲများကဲ့သို့ ပုံမှန်ဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်ခြင်းဖြင့် အာဆီယံနှင့် တရုတ်တို့၏ မဟာဗျူဟာမြောက် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ခဲ့ကြသည်။ အာဆီယံ+၃ ဆွေးနွေးပွဲ၊ အာဆီယံဒေသတွင်းဆွေးနွေးပွဲ၊ အာဆီယံကာကွယ်ရေးဝန်ကြီးများ ဆွေးနွေးပွဲနှင့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲကဲ့သို့ ဒေသတွင်းဆောင်ရွက်မှုများ၏ မောင်းနှင်အားဖြင့် အာဆီယံက ဆောင်ရွက်နေခြင်းအား တရုတ်နိုင်ငံက ထောက်ခံသည်။ တရုတ်နိုင်ငံသည် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သော ခုနစ်ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးဆွေးနွေးပွဲတွင် အရှေ့တောင်အာရှဒေသ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ပထမဆုံး သဘောတူလက်ခံခဲ့သော ပထမဆုံး အာဆီယံဆွေးနွေးဖက်နိုင်ငံဖြစ်သည်။ အရှေ့တောင်အာရှဒေသ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွင် တရုတ်ပါဝင်လာမှုကြောင့် ဒေသတွင်း နိုင်ငံများ၏ အချင်းချင်း ပေါင်းသင်းဆက်ဆံရေးတွင် သဘောတူညီချက်တစ်ခုအဖြစ် ထိုသဘောတူညီချက်က ဩဇာကြီးမားလာစေခဲ့သည်။

၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဟန္နွိုင်းမြို့တွင် ကျင်းပသော (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများမှ ကျောင်းသားများကို အစိုးရပညာသင်ထောက်ပံ့ကြေး ဦးရေ ၁၀,၀၀၀ ကမ်းလှမ်းရန်၊ လာမည့် ၁၀ နှစ်အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လူငယ်ကျောင်းဆရာများ၊ ကျောင်းသားများ၊ ပညာရှင်များ ဦးရေ ၁၀,၀၀၀ အား ဖိတ်ခေါ်ရန် ကတိပေးခဲ့သည်။

ပြည်သူ့ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကလည်း တိုးတက်လျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပသော တတိယအကြိမ်မြောက် အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးက တိုင်းရင်းဆေးပညာ၊ ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး၊ ကူးစက်နှင့် ကူးစက်မဟုတ်သော ရောဂါများ ကာကွယ်ရေး၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှု၊ မိခင်နှင့်ကလေး ကျန်းမာရေးနှင့် HIV နှင့် AIDS တို့နှင့် ပတ်သက်သော ကျန်းမာရေးမူဝါဒ ရေးဆွဲရေး၊ အရေးပေါ် ဝန်ဆောင်မှုများ၊ စီမံခန့်ခွဲရေးနှင့် အာဆီယံဘေးအန္တရာယ်၊ ဆက်သွယ်ရေး ရင်းမြစ်ဌာန တည်ထောင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

အသေးစိတ်သိလိုပါက http://www.asean-china-center.org/

**အာဆီယံ–တရုတ် ကုန်စည်ပြပွဲ**

အာဆီယံ-တရုတ် ကုန်စည်ပြပွဲသည် အာဆီယံနှင့် တရုတ်တို့၏ ထုတ်ကုန်များကို ပြသရန် ၂၀၀၄ ခုနှစ်မှစ၍ တရုတ်နိုင်ငံ နန်နင်းမြို့တွင် နှစ်စဉ် ကျင်းပလာသော အာဆီယံနှင့် တရုတ်တို့ ကမကထပြုသည့် ခမ်းနားသော ကုန်စည်ပြပွဲဖြစ်သည်။ ထို့ပြင် ကုန်စည်ပြပွဲနှင့်အတူ ပူးတွဲကျင်းပသော အာဆီယံ-တရုတ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံရေး ထိပ်သီးဆွေးနွေးပွဲသည် အာဆီယံနိုင်ငံများနှင့် တရုတ်တို့က စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်နှင့် ပတ်သက်၍ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ သဘောထားအမြင် ဖလှယ်ရာ ဆွေးနွေးပွဲတစ်ခုဖြစ်သည်။ အဋ္ဌမအကြိမ်မြောက် အာဆီယံ-တရုတ် ကုန်စည်ပြပွဲကို နန်နင်းမြို့တွင် အောက်တိုဘာလ ၂၁ မှ ၂၆ ရက်အထိ ကျင်းပမည်။ ■

http://www.caexpo.org/ တွင် အသေးစိတ်ဖတ်ရှုနိုင်ပါသည်။




## How to get to China

**Air China** flies from Yangon to Beijing and Kunming five times a week (Tuesday, Wednesday, Thursday, Saturday and Sunday).
Tel: 01-666112 655882 Fax: 01-655883
http://www.airchina.com/mm/en/index.shtml

**China Southern Airlines** flies from Yangon to Guangzhou three times a week (Monday, Wednesday, Saturday).
Tel: 01-250016 256355 EXT) 3555 Fax: 01-250016
http://ww.cs-air.com

**China Eastern Airlines** flies from Yangon to Kunming daily, and to Nanning twice a week (Wednesday and Saturday). From Mandaley to Kunming two flights every day.
Tel: 01-657109 http://www.ce-air.com/

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## (၆၂) နှစ်မြောက်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ

## ထူထောင်သည့် အထိမ်းအမှတ်

China National Petroleum Corporation (CNPC)

China National Offshore Oil Corp. (CNOOC)

China Harbour Engineering Company Ltd. (CHEC)

CITIC Construction Co., Ltd.

Myanmar CNMC Nickel Co. (CNICO)

Huawei Technologies Co., Ltd.

Poly Technologies, Inc.

Upstream Ayeyawady Confluence Basin Hydropower Co., Ltd.

Myanmar COSCO Limited

Myanmar Wanbao Mining Copper Ltd.

Yunnan Construction Engineering Group Co.,Ltd. (YNJG)

Yunnan Provincial Overseas Investment Co.,Ltd. (YOIC)

ZTE Corporation

China Railway Engineering Corporation (CREC)